Website: www.shanhumanrights.org

Email: shanhumanrights@gmail.com

Phone: + 66 (0) 93-297-7754

**ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ ထုတ်ပြန်ကြေငြာချက်**

၂၀၁၅ ခု ဇူလိုင်လ ၂၀ ရက်

## ဟိုပုံးမြို့ အတွင်း မြန်မာစစ်တပ်ဘက်မှ အဓမ္မကျင့်သတ်ဖြတ်ခဲ့သည့် ဖြစ်ရပ်ကြောင့် ၊ ကျူးလွန်ခဲ့သူ တရားခံအား စစ်တပ်ဘက်မှ အပြစ်ပေးအရေးယူဆောင်ရွက်မှု ရှိခဲ့သော်လည်း၊ ရွာသူရွာသားများအနေဖြင့် စိုးရိမ်ကြောက်ရွံ့လျက်ရှိဆဲ

ပြီးခဲ့သည့် ဇွန်လ ၆ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးမြို့နယ်အတွင်း အသက် ၂၈ နှစ်အရွယ်အမျိုးသမီးတစ်ဦး အဓမ္မကျင့်ကာ လုယက်သတ်ဖြတ်ခြင်းကိုခံခဲ့ရသည်။ ကျူးလွန်ခဲ့သူ တရားခံမှာ ယင်းမှုခင်းဖြစ်ပွားခဲ့ရာနေရာအနီး တပ်စခန်းချထားသည့် မြန်မာစစ်တပ် ခလရ ၂၄၉ မှ တပ်သားများဖြစ်ကြောင်းကို သက်သေအထောက်အထားများက အခိုင်မာထောက်ပြလျက်ရှိသည်။ ယင်းသို့ တပ်သားများမှ ကျူးလွန်ခဲ့သည်ဟူသည့် စွပ်စွဲချက်များကို အစကနဦးပိုင်းတွင် မြန်မာစစ်တပ်ဘက်မှ ငြင်းဆိုခဲ့ပြီး၊ နောက်ပိုင်းတွင် တပ်မတော်အရာရှိများမှ တပ်သားတစ်ဦးကို ယင်းပြစ်မှုအတွက် တရားခံအဖြင့်ဖမ်းဆီးကာ ၄င်းအားလူထုရှေ့ တွင်ရိုက်နက်ပြစ်ဒါဏ်ပေးခဲ့ပြီး သေဒါဏ်ပါချမှတ်မည်ဟုလည်း ကြေငြာခဲ့သည်။ ထို့နောက် သေဆုံးခဲ့သူ အမျိုးသမီး၏ခင်ပွန်းသည်အား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အေးဝင်းကိုယ်တိုင် တောင်ကြီးမြို့မှ လာရောက်တောင်းပန်ခဲ့ပြီး၊ သေဆုံးသူ၏အမျိုးသားဖြစ်သူအား ငွေသားအချို့ နှင့် အစားအသောက်များပေးအပ်ခဲ့သည်။

သို့သော် ဤဖြစ်ရပ်နှင့်စပ်လျဉ်းပြီး မြန်မာစစ်တပ်ဘက်မှ ကိုင်တွယ်ဖြေရှင်းပုံမှာ ပွင့်လင်းမြင်သာမှု မရှိယုံမျှမက တရားမျှတမှုအတွက် ဆောင်ရွက်နိုင်ခြင်းမရှိသေးဟူသည့် သံသယများလည်း ရှိနေသေးသည်။ ပြစ်မှုကျူးလွန်ခဲ့သူမှာ တပ်သားတစ်ယောက်ထက်ကျော်သည်ဟု သက်သေအထောက်အထားများအရ ဖော်ပြနေသော်လည်း တပ်သားတစ်ဦးတည်းကိုသာ အရေးယူအပြစ်ပေးခြင်းအပေါ် ရွာသားများအနေဖြင့် နားမလည်နိုင်ဖြစ်နေကြပြီး၊

ယင်းသို့ပြစ်မှုကျူးလွန်ခဲ့သူ တစ်ဦး (သို့) တစ်ဦးထက်မနဲ အရေးယူအပြစ်ပေးခြင်းမခံရဘဲ လွတ်မြောက်နေသေးသည်ဟု စိုးရိမ်ပူပန်မှုများ ရှိနေဆဲဖြစ်သည်။ ထို့အပြင် ဖမ်းဆီးထားသော တရားခံတပ်သားအား အရေးယူသေဒါဏ်ချမှတ်ပါ့မည်ဟု ပြောဆိုခဲ့သည့်အတိုင်း အမှန်တကယ် အပြစ်ပေးဆောင်ရွက်ခြင်းရှိမှု မရှိမှုနှင့် စပ်လျဉ်း၍လည်း တရားလိုနှင့် ရွာသူရွာသားများ အနေဖြင့် သိရှိနိုင်ခြင်းမရှိပေ။


ပဋိပက္ခများအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အဆုံးသတ်ရေး ကတိကဝတ်ပြုကြောင်း ကြေငြာချက်ကိုမြန်မာအစိုးရမှ ၂၀၁၄ ခုနှစ် ဖွန်လတွင် ထောက်ခံချက် လက်မှတ်ရေးထိုးခဲ့သော်လည်း၊ လက်တွေ့ပိုင်းအောက်ခြေအဆင့်တွင်မူ စစ်တပ်၏လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဒါဏ်ခံနေရသည့် ပဋိပက္ခဖြစ်ပွားရာ တိုင်းရင်းသားဒေသအတွင်းရှိ အမျိုးသမီးများအား ကာကွယ်ပေးနိုင်ခြင်း နှင့် ယင်းအကြမ်းဖက်မှု ဖြစ်ရပ်များအပေါ် တစ်စုံတရာသက်ရောက်ခြင်း ပြောင်းလဲနိုင်ခြင်းများမရှိသေးသည်ကို ဤဖြစ်ရပ်မှ ဖော်ပြလျက်ရှိသည်။ ဤသို့ ဟိုပုံးမြို့တွင် ဖြစ်ပျက်ခဲ့သည့်ပြစ်မှုကို မြန်မာစစ်တပ်ဘက်မှ လျော်ကြေးပေးရုံမျှဖြင့် ကိုင်တွယ်ဖြေရှင်းခဲ့သည်မှာ၊ အဓိကအကျဆုံးသောအရင်းခံပြဿနာဖြစ်သည့် စစ်တပ်ဘက်မှလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်နေမှုအပေါ် ဝေဖန်ထောက်ပြပြောဆိုနိုင်ခြင်း လုံးဝမရှိကြောင်းကိုပြသနေသည်။ ထို့အပြင် ယင်းကဲ့သို့ စစ်တပ်အနေဖြင့် လိင်ပိုင်းဆိုင်ရာကျူးလွန်ခဲ့မှုအတွက် တစ်စုံတရာ ထိရောက်သည့်အရေးယူခံရမှုများမရှိသဖြင့် ယင်းကဲ့သို့သော အကြမ်းဖက်မှုများအား စစ်တပ်အနေဖြင့်ဆက်လက် လုပ်ဆောင်ပိုင်ခွင့်ကို ပေးအပ်ထားသကဲ့သို့ဖြစ်ရာ၊ ရှေ့ဆက် အလားတူ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ မလွဲမသွေ ဆက်လက်ဖြစ်ပွားဦးမည်ဖြစ်သည်။

ယင်းကဲ့သို့လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများဖြစ်ပွားရခြင်း၏ အဓိကအရင်းခံ အကြောင်းရင်းမှာ တိုင်းရင်းသားဒေသများဖြစ်သည့် ပြည်နယ်များအတွင်း မြန်မာစစ်တပ်ဘက်မှ စစ်အင်အားအမြောက်အများ ဖြည့်တင်းလျက်ရှိနေခြင်းကြောင့်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီမှုရယူထားသည့် နေရာဒေသတစ်ခုဖြစ်သည့် ဟိုပုံးမြို့အတွင်းပင်လျှင်၊ လက်ရှိကာလတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပဋိပက္ခများအား နိုင်ငံရေးနည်းလမ်းဖြင့်အဖြေရှာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည့်အချိန်ဖြစ်သည့် အလျှောက်၊ ယင်းဖော်ဆောင်မှုဖြစ်စဉ်အပေါ် စစ်မှန်သည့်သဘောထားကိုပြသသည့်နေဖြင့် စစ်အင်အားများအား လျှော့ချရမည့်အစား မြန်မာစစ်တပ်ဘက်မှ ၎င်း၏အင်အားများအား ဆက်လက်ထိန်းသိမ်းထားရုံမျှမက စစ်စခန်းများကိုလဲ ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိနေသည်ကိုတွေ့ရှိရပါမည်။

အခြားသော အကြမ်းဖက်မှုဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်မှာ လက်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအတွင်း စစ်တပ်အား အရပ်သားအစိုးရအုပ်ချုပ်မှုအောက်တွင် မဟုတ်ဘဲ သီးခြားအာဏာပေးအပ်ထားသည့်အတွက် စစ်တပ်ဘက်မှ တပ်သားများ အနေဖြင့်၊ ၎င်းတို့မှာ ပြစ်မှုများကိုတစ်စုံတစ်ရာအပြစ်ပေးအရေးယူခံရနိုင်ခြင်းမရှိဘဲ ကျူးလွန် လုပ်ဆောင်နိုင်သည်ဟု မုချဧကန်ယုံကြည်ထားလျက်ရှိကြသည်။ ဟိုပုံးမြို့အတွင်းဖြစ်ပွားခဲ့သည့် ဖြစ်ရပ်ကို ကြည့်လျှင် ကျူးလွန်ခဲ့သူတပ်သားများအနေဖြင့် ၎င်းတို့၏ ကင်းတပ်စခန်းနှင့် ၆၀မီတာအကွာ လောက်သာရှိသည့်၊ ကျေးရွာငယ်လေးတစ်ခုအတွင်းပင် ယင်းကဲ့သို့သော အဓမ္မကျင့် လုယက်သတ်ဖြတ်ခြင်းကို ကျူးလွန်ရန် တွန့်ဆုတ်ဝန်လေးခြင်းလုံးဝမရှိသည့် လုပ်ရပ်ကို ကြည့်ခြင်းအားဖြင့်၊ စစ်တပ်ဘက်မှ တပ်သားများ၏သဘောထားကို သိရှိသုံးသပ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ စစ်တပ်ဘက်မှကျူးလွန်နေသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပြဿနာများကို အထူးအလေးပေး ဆောင်ရွက်နိုင်ရန်အတွက်၊ ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်၏ တောင်းဆိုချက်များဖြစ်သည့်___ စစ်တပ်အနေဖြင့် ၄င်း၏စစ်ဆင်နေမှုများအား ရပ်ဆိုင်းရန်နှင့် တိုင်းရင်းသားဒေသအတွင်း ၄င်း၏ တပ်အင်အားများအားပြန်လည် ရုပ်သိမ်းသွားရန်၊ စစ်ပဋိပက္ခများအားငြိမ်းသတ်နိုင်ရန် နှင့် စစ်တပ်ကို အရပ်သားအစိုးရ ထိန်းချုပ်မှုအောက်ထား ရှိနိုင်ရေးအတွက် နိုင်ငံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်စေရန် တွေ့ဆုံဆွေးနွေးမှုလမ်းစဉ်ကိုသာအ ကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ကို မြန်မာအစိုးရအား ထပ်ဖန်တလဲလဲ တောင်းဆိုလျက်ရှိသည့်အတိုင်း ကျွန်ုပ်တို့ ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ တောင်းဆိုလိုက်ပါသည်။

မြန်မာ့တပ်မတော်မှ ဟိုပုံးမြို့နယ်အတွင်း မုဒိန်းကျင့်–သတ်ဖြတ်မှုပြမြေပုံ ဇွန်လ၊ ၆ ရက် နေ့ ၂၀၁၅ ခုနှစ်




## မှုခင်းဆိုင်ရာ ဖြစ်စဉ်အသေးစိတ်များ

အသက် ၂၈ နှစ်ရှိသေဆုံးသူ နန်းခက် မှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုံးမြို့နယ်၊ မိုင်းလန်းကျေးရွာအုပ်စု အ တွင်းရှိ ဝမ်နားတောင်း(နားတောင်း)ရွာမှဖြစ်သည်။ တောင်ယာခြံလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက်ခဲ့သူ နန်း ခက်မှာ အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သူမတွင် လက်ရှိ ဝတ်ကုန်းတိန်း (ကုန်းတိန်း) ဘုန်းကြီးကျောင်း ဟုခေါ် သည့် ဘုန်းကြီးကျောင်းတွင် ကိုရင်ဝတ်နေသည့် အသက် ၁၃ နှစ်အရွယ် သားတစ်ယောက်ရှိသည်။

၂၀၁၅ ခု ဇွန်လ ၆ ရက်နေ့ နံနက်ခင်းတွင် နန်းခက်သည် သူမပိုင်သည့် ပြောင်းဖူးခြံသို့သွားရောက်ကာ အလုပ် လုပ်ကိုင်ခဲ့ပြီး နေ့လည်ခင်းပိုင်း ခြံမှအိမ်အပြန်လမ်းတွင် သားဖြစ်သူ ကိုရင်ဝတ်နေသည့် ဝတ်ကုန်း တိန်း(ကုန်းတိန်း) ဘုန်းကြီးကျောင်းသို့ ဆွမ်းပို့ခဲ့သည်။ သို့သော် သူမပြန်ရောက်နေကြအချိန်ကို ကျော်လွန်ပြီ

ဖြစ်သည့် ညနေ၅နာရီခန့်ရှိပြီဖြစ်သော်လည်း နန်းခက်မှာအိမ်သို့ ပြန်လာခြင်းမရှိသေးသဖြင့်၊ ယောက်ျားဖြစ်သူ စိုင်းကာဝိမှ စိုးရိမ်ပူပန်လာရာ ယောက္ခမဖြစ်သူ ဒေါ်ပါနေ အိမ်သို့ ဇနီးဖြစ်သူ ရှိလိုရှိငြား သွားရောက်ရှာဖွေခဲ့သော်လည်း မတွေ့ပေ။ သို့ဖြစ်ရာ ယောက္ခမဖြစ်သူနှင့်အတူ စိုင်းကာဝိ တို့မှာ နန်းခက်အား ၄င်းတို့ပြောင်းဖြူးခြံနှင့် သူမခြံသို့သွားရာအသုံးပြုနေကြ လမ်းတလျှောက်လိုက်လံရှာဖွေခဲ့သည်။



ကုန္းတိန္းဘုန္းၾကီးေက်ာင္း

ညနေ ၆နာရီခန့်တွင် ဝတ်ကုန်းတိန်း (ကုန်းတိန်း)ဘုန်းကြီးကျောင်းနှင့် ဝမ်နားတောင်း(နားတောင်း)ရွာအကြား ရှိသည့် လမ်းဘေးအနီးတွင် နန်းခက်၏အလောင်းအား တွေ့ရှိခဲ့သည်။ လည်ပင်းတဝိုက် လုံချည်တစ်ထည်သာ ပတ်နှောင်ထားသည့် ရုပ်အလောင်းမှာ မြေပြင်ပေါ်တွင် ကိုယ်လုံးတီးဖြင့်လဲနေသည်ကိုတွေ့ရှိခဲ့ကြသည်။ သေဆုံးသူနန်းခက်၏ မေးစေ့နှင့် လည်ပင်း နောက်ဘက်ခြမ်းတွင် မာကြောသည့်အရာဝတ္ထုတစ်ခုခုဖြင့်ရိုက်နက်ခံထားရဟန်ဖြစ်သည့် ဒါဏ်ရာများဖြင့်ခန္ဓာကိုယ် တစ်ခုလုံးတွင်လည်း သွေးများဖြင့်ဖုံးလွှမ်းနေသည်ကို တွေ့ရှိခဲ့ကြသည်။ သေဆုံးသူ၏ညာဘက်နားရွက်တစ်ဖက်သည်လည်း နားကပ်အား အဓမ္မဖြုတ်ယူခဲ့ဟန်ရှိသည့် ဖြတ်တောက်ထားခြင်းကိုခံထားရသည့်အပြင်၊ သူမနှင့်အတူ သယ်ဆောင်ခဲ့သည့် ငွေသား ၁၂၀၀၀၀ ကျပ် ( USD 120 ခန့်) မှာလည်း ပျောက်ဆုံးနေခဲ့သည်။ သေဆုံးသူအလောင်းအားတွေ့ရှိခဲ့သည့်နေရာသည် ဝတ်ကုန်းတိန်း ဘုန်းကြီးကျောင်းနှင့်ကပ်ရပ် မြန်မာစစ်တပ် ခလရ ၂၄၉ စစ်ကင်းစခန်းချထားရာ "ကုန်းတိန်းဖာလိုင်း" တပ်စခန်းနှင့် မီတာ ၆၀ခန့်အကွာတွင်သာရှိသည်။



ဘုန္းၾကီးေက်ာင္းကပ္ရပ္ ဗမာစစ္တပ္စခန္း

သေဆုံးသူနန်းခက်အား တွေ့ရှိခဲ့သည်နှင့် မိခင်မှာ သမီးဖြစ်သူ၏အလောင်းအား အဝတ်ဖြင့်ဖုံးအုပ်ထားကာ၊ သေဆုံးသူ၏ ခင်ပွန်းဖြစ်သူ စိုင်းကာဝိမှ ရွာအတွင်းရှိ ရွာသူကြီးနှင့် အခြားရွာသားများအား လိုက်လံခေါ်ဆောင်ခဲ့ ပြီး မှုခင်းနေရာအား စစ်ဆေးခဲ့ကြသည်။ ယင်းသို့ ရွာသားများမှ စစ်ဆေးခဲ့ရာ အလောင်းအနီး တစ်ဦးထက်မနည်းသည့် စစ်ဘွတ်ဖိနပ်ရာများကိုတွေ့ရှိခဲ့သည့် အပြင်၊ ဆံပင်အချို့နှင့် သွေးများပေကျံနေသည့် တုတ်တစ်ချောင်းကိုလည်း တွေ့ရှိခဲ့ကြသည်။ ယင်းတုတ်ချောင်းမှာ စစ်တပ်ကင်းစခန်းအမိုးဆောက်လုပ်ရာတွင် အသုံးပြုလေ့ရှိသည့် တုတ်ချောင်းအမျိုးအစားဖြစ်သည်။ ခြံလုပ်ရာတွင် အသုံးပြုသည့် နန်းခက် ပိုင်ဆိုင်သည့် ဓါးမသည်လည်း သွေးများပေကျံလျက်ရှိပြီး သူမ၏အလောင်းအ

နီး မြေကြီးအတွင်း ထိုးသွင်းထားသည်ကိုလည်း တွေ့ရှိခဲ့ကြသည်။ ယင်းဓါးမအား သူမ၏နားကပ်ရယူရန်အတွက် နားအား ဖြတ်တောက်ရာတွင် အသုံးပြုခဲ့ဟန်ရှိသည်။

မှုခင်းဖြစ်ပွားခဲ့ပြီး နောက်တစ်ရက်ဖြစ်သည့် ၂၀၁၅ ခု ဇွန်လ ၇ ရက်နေ့ တွင် ဝတ်ကုန်းတိန်း(ကုန်းတိန်း)ဘုန်းကြီးကျောင်းမှ ဘုန်းကြီးများအပါဝင် မိုင်းလန်းကျေးရွာအုပ်စုမှ ကော်မတီဝင်များအယောက် ၂၀ ခန့်တို့မှ ခလရ ၂၄၉ တပ်စခန်းဦးစီးသူ တပ်ကြပ်ကြီး ကျော်ထက်အား ဘုန်းကြီးကျောင်းအတွင်း တွေ့ဆုံရန်ခေါ်ဆိုခဲ့ရာ စစ်သားနှစ်ယောက်နှင့်အတူ တပ်ကြပ်ကြီးကျော်ထက်တို့ဘုန်းကြီးကျောင်းအတွင်းရောက်လာခဲ့ကြသည်။ ကျေးရွာအုပ်စုကော်မတီများမှလည်း တပ်ကြပ်ကြီးအား တနေ့က ဖြစ်ပွားခဲ့သည့် မှုခင်းနှင့်စပ်လျဉ်းပြီး ၎င်းတပ်ကြပ်ကြီး၏လက်အောက်မှ တပ်သားများကျူးလွန်ခဲ့သည်ဟု သံသယရှိကြောင်းပြောကြားခဲ့ရာ တပ်ကြပ်ကျော်ထက်မှ ၎င်းလက်အောက်ခံတပ်သားများ မဟုတ်ကြောင်းငြင်းဆိုခဲ့သည်။

ယင်းနေ့ထဲမှာပင် ရွာသားများနှင့် သေဆုံးသူ၏မိသားစုများမှ ရုပ်အလောင်းအား ညနေ ၃နာရီခန့်တွင် သဂြိုလ်ခဲ့သည်။ ဒေသခံရွာသူရွာသားများနှင့် ဘုန်းကြီးတို့မှာ တပ်ကြပ် ကျော်ထက်ငြင်းဆိုခဲ့သည်အား လက်မခံနိုင်ကြပေ၊ သို့ဖြစ်ရာ ဇွန်လ ၈ ရက်နေ့တွင် ဟိုပုံးအနီး( မိုင်းပျင်းအုပ်စု) တွင်အခြေစိုက်နေသည့် ခလရ ၂၄၉ တပ်ရင်းမှ ဗိုလ်မှူးဝေယံငြိမ်းသူရိန်ကိုယ်တိုင် မှုခင်းကိစ္စနှင့်စပ်လျဉ်းပြီးကိုင်တွယ်ဖြေရှင်းပေးရန်ရွာသို့ ရောက်လာခဲ့သည်။



နန်းခက်

ဇွန်လ ၉ ရက်နေ့တွင် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် ဗိုလ်မှူးဝေယံငြိမ်းသူရိန်မှ အခြားရွာသားများအပါအဝင် သေဆုံးသူတရားလို မိသားစုနှင့် ဆွေမျိုးများအား (ကုန်းတိန်းဖာလိုင်း) ကင်းစခန်းသို့ ခေါ်ယူခဲ့သည်။ ဗိုလ်မှူးဝေယံငြိမ်းသူရိန်မှ ၎င်းတို့အား တောင်းပန်စကားပြောကြားခဲ့ပြီး၊ ယင်းပြစ်မှုအား ကျူးလွန်ခဲ့သည့် တပ်သားတစ်ဦးအား ဖမ်းဆီးထားပြီဖြစ်ကြောင်းနှင့် ၎င်းတရားခံတပ်သားအား သေဒါဏ်ချ မှတ်မည်ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။ ကျူးလွန်သူ တရားခံတပ်သားကိုလည်း ၎င်းတို့ ရွာသားများ နှင့် သေဆုံးသူ၏မိသားစု ရှေ့တွင်ပင် ပြင်းထန်စွာရိုက်နက်စေပြီး၊ သေဆုံးသူ၏နားကပ်နှင့် ပိုက်ဆံများအားလည်း နန်းခက်၏ခင်ပွန်းဖြစ်သူထံ ပြန်လည်ပေးအပ်ခဲ့သည်။

ဇွန်လ ၁၁ ရက်နေ့တွင် တောင်ကြီးမှ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အေးဝင်းကိုယ်တိုင် အခြားသော စစ်တပ်မှအာဏာပိုင် ၁၀ ယောက်ခန့်နှင့်အတူ စစ်ကား ၂ စီးဖြင့် ဝတ်ကုန်းတိန်း(ကုန်းတိန်း) ဘုန်းကြီးကျောင်းသို့  ရောက်လာခဲ့ကြသည်။ ဗိုလ်ချုပ်အေးဝင်းမှ သေဆုံးသူ နန်းခက်၏ခင်ပွန်းသည်ဖြစ်သူ စိုင်းဝိနှင့်အတူ အခြားရွာသားများအား ဘုန်းကြီးကျောင်းအတွင်းသို့ခေါ်ယူခဲ့ပြီး စိုင်းကာဝိအား တောင်းပန်စကားပြောကြား

ကာ ငှင်းအား ဆန် ၁၅ အိတ်၊ အာလူး ၂ အိတ်၊ ကြက်သွန်နီ ၁ အိတ်၊ ၁၆.၆ လီတာခန့်ရှိသည့် စားသုံးဆီနှင့် ၊ ငွေသား ကျပ်ငွေ ၅၃ သိန်း ( USD 4,800 ခန့်) ကိုပေးအပ်ခဲ့သည်။

ယင်းနောက်ဖွန်လ ၁၂ ရက်နေ့တွင် ကုန်းတိန်းဖာလိုင်း တပ်ကင်းစခန်းမှ တပ်သားများအား အခြားနေရာသို့ ပြောင်းရွှေ့စေခဲ့ပြီး အခြားစစ်ကြောင်းတစ်ခုဖြစ်သည့် ကိန်းခမ်းရွာမှ စစ်သားများအား တပ်ကင်း စခန်းနေရာအတွင်း အစားထိုးနေရာချထားခဲ့သည်။

ဖွန်လ ၂၃ ရက်နေ့တွင် ရွာသားများနှင့် သေဆုံးသူမိသားစုများမှ နန်းခက်အားရည်စူးသည့် ဈာပနာကြီး အား ကျင်းပခဲ့သော်လည်း မည့်သည့် အစိုးရဘက်မှ အာဏာပိုင်များ ဈာပနာအတွင်း တက်ရောက်ပါဝင်ခဲ့ခြင်း မရှိပေ။

မိန်းမဖြစ်သူယင်းကဲ့သို့ဆိုးဝါးစွာသတ်ဖြတ်ခြင်းကိုခံခဲ့ရသည့် ဖြစ်ရပ်နောက်ပိုင်း စိုင်းကာဝိမှာ ဆိုးရွားသည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကိုခံစားနေရပြီး၊ လက်ရှိတွင် ဆေးဝါးကုသမှုခံယူနေရသည့် အထိပင်ဖြစ်သည်။

မှတ်ချက်။ ။ ဝမ်နားတောင်း (နားတောင်း) ရွာသည် အိမ်ခြေ ၂၅ အိမ်ခန့်ရှိသည့် ရွာတစ်ရွာဖြစ်သည်။ ရွာအနီးရှိ ဝတ်ကုန်းတိန်း(ကုန်းတိန်း) ဘုန်းကြီးကျောင်း ဘေးကပ်ရပ်တွင် တပ်ကင်းစွဲနေသည့် စစ်စခန်းမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ခန့်က ယင်းနေရာတွင်စတင်စခန်းချခဲ့ပြီး၊ ယေဘုယျအရေအတွက်အားဖြင့် တပ်သား ၂၀ ခန့် အမြဲတမ်း တပ်စွဲလျက်ရှိပြီး သုံးလလျှင် တစ်ကြိမ် တပ်သားများပြောင်းရွှေ့မှုအမြဲရှိသည်။

ရွာသားများပြောကြားချက်အရ၊ မူခင်းမဖြစ်ပွားမီ ရက်သတ္တပတ်အနည်းငယ်ခန့်က တပ်ကြပ် ဗိုလ်မှူး ကျော်ထက်၏ လက်အောက်ခံတပ်သားများသည် ကျေးရွာဒေသအတွင်းရှိ အမျိုးသမီးများ မိန်းကလေးငယ်များအား လိင်ပိုင်းဆိုင်ရာ နှောက်ယှက်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ ရွာအနားတဝိုက် မိန်းကလေးများအားတွေ့ပါက ကိုယ်ထိလက်ရောက်ကိုင်တွယ်ထိပါးခြင်းများ နမ်းရှုံ့ခြင်းများစသည့် လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်ဟု ကြားသိရသည်။

**အသေးစိတ်သိလိုပါကဆက်သွယ်ရန်လိပ်စာ**

စိုင်းဟော်ရှဲန် ဖုန်း (၀) ၆၂-၉၄၁-၉၆၀၀ ( ရှမ်း၊ အင်္ဂလိပ် )

စိုင်းခွန်းမိုင် ဖုန်း (၀) ၉၄-၆၃၈၆-၇၅၉ (ဗမာ၊ အင်္ဂလိပ် )

ရုံးဖုန်း ဖုန်း (၀) ၉၃-၂၉၇-၇၇၅၄